# Minutes of Myanmar Language Information Management Network Meeting
*27th November 2024, 2PM MMT, online via Zoom*

## Agenda

1. Presentation – International Development and Early Learning Assessment (IDELA) Tool (World Vision)
2. Presentation – MIMU HDP Nexus 5W (MIMU)
3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
4. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)

Participants: BS, Cesvi, CL, CPI, CPM, CSO, FAOMM, HALO, IRC, MHAA, MIMU, NRC, Nyein, Plan, PNX, WF, WVIM (22 participants from 17 organisations)

## ၂၀၂၅ ခုနှစ် မြန်မာဘာသာစကား/အင်္ဂလိပ်ဘာသာစကား IM Network Meeting အစီအစဉ်

| | Jan | Feb | Mar | Apr | May | Jun | July | Aug | Sep | Oct | Nov | Dec |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ENG | | | | | | | | | | | | |
| MMR | | | | | | | | | | | | |

## ၁။ International Development and Early Learning Assessment (IDELA) Tool (World Vision)

IDELA Tool နဲ့ ပတ်သတ်ပြီး World Vision မှ ရှင်းလင်း ပြောပြခဲ့ပါသည်။ IDELA Tool သည် Save the Children မှ ဖြစ်ပြီး World Vision International မှ Save the Children International နှင့် Partnership ယူ ၍ အသုံးပြုခြင်း ဖြစ်သည်။

ကလေးတစ်ယောက်ချင်းစီ (၃ နှစ်ခွဲမှ ၆ နှစ်ခွဲ) ကို တိုက်ရိုက် မေးမြန်းပြီး ဝင်ငွေ နည်းပါးသော နိုင်ငံများအတွက် အသုံးပြုပါသည်။ နိုင်ငံပေါင်း ၄၀ ကျော်မှာ အသုံးပြုပါသည်။ ခေါင်းစဉ်ကြီး ၂၄ ခု၊ ဒိုမိန်း ၄ ခု ပါဝင်သည်။

ကလေး ဖွံ့ဖြိုးမှု ဘယ်လောက်ရှိပြီလဲ၊ ကျောင်းတက်ဖို့ ဘယ်လောက် အဆင်သင့်ဖြစ်နေပြီလဲ ဆိုသောindicator ၂ ခု အဓိက တိုင်းတာပါသည်။

IDELA စနစ်ကို အသုံးပြုရန်အတွက် Enumerator အဖြစ် လုပ်ဆောင်ရန်အတွက် သတ်မှတ်ချက်များနှင့် လိုအပ်ချက်များကို ပြောပြခဲ့ပါသည်။ Enumerator မည်သူမဆို IDELA Enumerator Training ကို ပြီးစီးပါက လက်ခံနိုင်သောကြောင့် အစီအစဉ်ဆောင်ရွက်ရေး ဝန်ထမ်းများ၊ မူကြိုဆရာမများနှင့် ကလေးများနှင့် အလုပ်လုပ်သော ဝန်ထမ်းများ ပါဝင်နိုင်ကြသည်။

IDELA ကိုအသုံးပြုရန် လိုအပ်သောပစ္စည်းများမှာ Kobo Collect APK၊ Scoring Sheet Administration Guide နှင့် Stimulus Cards တို့ဖြစ်သည်။

အချက်အလက်စုဆောင်းမှုတွင် မျှဝေထားသော အခန်းများမှာ Motor Development (ကြွက်သားဆိုင်ရာ စွမ်းရည်)၊ Emergent Literacy (စာတတ်မြောက်မှုစွမ်းရည်)၊ Emergent Numeracy (သင်္ချာတတ်မြောက်မှု စွမ်းရည်)၊ Social-Emotional Development Function (လူမှုရေးနှင့် စိတ်ခံစားမှု စွမ်းရည်)  နှင့် Executive Function (မှတ်ဉာဏ်နဲ့ သူတို့ရဲ့ ထိန်းချုပ်နိုင်စွမ်း) ကို တိုင်းတာပါသည်။ ထိုလေ့လာမှုများအားလုံးသည် ကလေးများ၏ ဖွံ့ဖြိုးမှုနှင့် အကျင့်စရိုက်ဆိုင်ရာ အရည်အချင်းများကို သိရှိစေပြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစီအစဉ်များ ရေးဆွဲအကောင်းအထည်ဖော်နိုင်စေသည်။

ဆက်လက်ပြီး IDELA ကို အသုံးပြု တိုင်းတာထားသော အချက်အလက်ပြ Dashboard ဖြင့် ရှင်းလင်း ပြောပြခဲ့ပါသည်။

## ၂။ MIMU HDP Nexus 5W (MIMU)

MIMU HDP Nexus 5W သည် ၂၀၀၇ ခုနှစ်မှစတင်ကာ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပေးပို့လာသော အချက်အလက် များအပေါ်အခြေခံ၍ ဆောင်ရွက်လျက်ရှိပါသည်။ 5W စနစ်သည် (Who, What, Where, When, Whom) ဆိုသည့် အချက်အလက်များကို စနစ်တကျ ရယူကာ project စီမံခန့်ခွဲမှု၊ လိုအပ်ချက် များကို သိနိုင်ရန် နှင့် ဆောင်ရွက်ရန် အထောက်အကူပြုနေသည်။

နောက်ဆုံးကောက်ထားသော 5W တွင် စုစုပေါင်း ၂၁၇ အဖွဲ့အစည်း၏ စီမံကိန်းဆောင်ရွက်နေသော အချက်အလက်များ ပါဝင်ပါသည်။

- **Who** (မည်သည့်အဖွဲ့အစည်း)- Project Owner နှင့် Project Implementer များကိုသာ ပါဝင်ကောက်ယူပြီး Donor မပါဝင်ပါ။

- **What** (မည်သည့်စီမံကိန်းများ)- Sector ၂၂ ခုနှင့် Sub-Sectors ၁၅၂ ခုအလိုက် Project Title များကို ကောက်ယူသည်။
- **Where** (မည်သည့်စီမံကိန်းများ)- State/Region Level မှ village/Camp Level အထိ ကောက်ယူသည်။
- **When** (မည်သည့်အချိန်သတ်မှတ်ချက်)- Project Status စတင်ချိန်နှင့် ပြီးဆုံးချိန်တို့ကိုပါ ကောက်ယူပြီး Status အနေဖြင့် Planned, Ongoing, Suspended, Completed/Ended ဟူ၍ သတ်မှတ်သည်။
- **Whom** (မည်သည့် စီမံကိန်းများ)- နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၊ ထိခိုက်လွယ်သောအုပ်စုများနှင့် ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်လုပ်ဆောင်မှုများ ကောက်ယူပါသည်။

MIMU 5W ထုတ်ကုန်များအနေဖြင့် Dashboard များ၊ မြေပုံများ၊ ဇယားများ၊ 5W Trend များကို ထုတ်ပြန်လျက်ရှိပါသည်။ Datasets များကို 5W ပေးထားသော organisations များ အနေဖြင့် MIMU သို့ organization email သို့မဟုတ် online form အသုံးပြုကာ တောင်းယူနိုင်ပါသည်။
MIMU HDP NEXUS 5W - https://themimu.info/5w-maps-and-reports

## ၃။ အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**CPI** ။ ။ Health Cluster မှ Rapid Assessment ကို ဆောင်ရွက်ထားပြီး၊ project ရှိရာနေရာများတွင် ရေကြီးရေလျှံမှု ဖြစ်ပြီးနောက် ဘာတွေထိခိုက်မှုဖြစ်ပေါ် ခဲ့သည်၊ ဘယ်သူတွေ ဘာလိုအပ်ချက်ရှိနေသည်ဆိုသည်ကို ကောက်ယူကာ သုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး Analysis ကို ဆက်လက်လုပ်ဆောင်မှာဖြစ်သည်။ လက်ရှိတွင် နှစ်ကုန်ပိုင်းဖြစ်သောကြောင့် proposal များ တင်ပြလျက်ရှိပါသည်။

MIMU ။ ။ IM Workshop လုပ်နေပါသည်။ ဒီဇင်ဘာတွင် GIS Training လုပ်ရန်ရှိပြီး နိုဝင်ဘာလတွင် Communications and Data Visualization Training လုပ်ခဲ့ပါသည်။ ၂၀၂၅ တွင် ဇန်နဝါရီ (သို့) ဖေဖော်ဝါရီလတွင် Advanced Excel Training ဖွင့်ရန်ရှိသည် (Basic Excel နှင့် IM Workshop တက်ပြီးသူတက်ရောက်နိုင်ပြီး pre-test ဖြေဆိုရန် လိုပါသည်)။ 5W products များ အားလုံးထွက်ရှိထားပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီလောက်တွင် Disability Inclusion နှင့် သက်ဆိုင်သော Assessment/Publication ကို ကောက်ယူပါမည်။ MIMU မှ ပုံမှန်လုပ်ဆောင်ချက်များအပြင် UNFPA နှင့် တွဲပြီး အဖွဲ့အစည်းများအနေဖြင့် Disability Inclusion ဘယ်လောက်ကောင်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နေကြသလဲဆိုတာကို သိရရန် UNCT scorecard ၏ Disability Inclusion Strategy တွင်ပါရှိသော ညွှန်းကိန်း နံပါတ် ၉ (Data) ကို တာဝန်ယူပြီး လုပ်ဆောင်လျှက်ရှိပါသည်။ ၂၀၁၄ မှ ၂၀၂၄ ထိ အဖွဲ့အစည်းပေါင်း ၁၆ ဖွဲ့မှ Disability Inclusion နှင့်သက်ဆိုင်သော report ပေါင်း ၆၆ အုပ်ရှိပြီး Dashboard လဲ ပြုလုပ်ထားပါသည်။ ၎င်းတို့ကို စုစည်းတင်ပြထားသော Web Page ကိုလဲ Launch လုပ်ရန် ရှိပါသည်။ Restricted Data များ ပါဝင်သောကြောင့် Restricted Dashboard ကိုလဲ ပြုလုပ်ရန် စီစဉ်ထားပါသည်။ Disability Inclusion နှင့် ဆက်စပ်နေသော Report များ ရှိပါက MIMU ကို မျှဝေပေးနိုင်ပါသည်။

## ၄။ အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ခန့်မှန်း ဖေဖော်ဝါရီလ နောက်ဆုံးအပတ် ၂၆ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။